# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ထုတ်ပြန်ချက်

# သတင်းထုတ်ပြန်ချက်အမှတ် (၆/၂၀၁၁)

၁။ ကချင်ပြည်နယ်တွင် ၂၀၁၁ခုနှစ် ဇွန်လမှစ၍ လက်နက်ကိုင်ပဋိပက္ခကြောင့် ရပ်ရွာစွန့်ခွာတိမ်းရှောင်လာသော ပြည်သူများအား ကချင်ပြည်နယ်အစိုးရ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် လူမှုရေးထောက်ပံ့ကူညီ ပေးထားသောစခန်းများနှင့် နယ်မြေအခြေအနေကို သိရှိနိုင်ရန်နှင့် အကူအညီပေးရန် လိုအပ်မှုအခြေအနေ သိရှိနိုင်ရန်အတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အတွင်းရေးမှူးဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့ဝင် လေးဦးသည် (၈-၁၂-၂၀၁၁) မှ (၁၀-၁၂-၂၀၁၁) အထိ ကချင်ပြည်နယ်သို့ သွားရောက်ခဲ့ပါသည်။

၂။ ယင်းအဖွဲ့သည် မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်မြို့နယ်များသို့ သွားရောက်ကာ သက်ဆိုင်ရာ တာဝန်ရှိသူများအပြင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများ၊ ခရစ်ယာန်ဘုရား ရှိခိုးကျောင်းများနှင့် မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကာ သက်ဆိုင်ရာကာယကံရှင်များနှင့် တွေ့ဆုံမေးမြန်းမှုများကို ပြုလုပ်နိုင်ခဲ့ပါသည်။ ရပ်ရွာစွန့်ခွာတိမ်းရှောင်လာသူ (၁၄၁၁၃) ဦးအား ကချင်ပြည်နယ်တွင်းရှိ မြို့နယ် (၁၁)မြို့နယ်၏ စခန်းပေါင်း(၅၉)ခု၌ ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် စောင့်ရှောက်ထားကြောင်း သိရှိရပါသည်။ မြို့နယ် (၁၀) ခုမှာ ကျောင်းသားပေါင်း(၇၈၇၂)ဦး ပညာသင်ကြားနေသည့် စာသင်ကျောင်းပေါင်း(၅၁)ကျောင်းကို ပိတ်ထားခဲ့ရရာ ယင်းကျောင်းသားများ အနက် စခန်းများသို့ ရောက်လာကြသော ကျောင်းသူ ကျောင်းသား မှန်သမျှကို ပညာဆက်လက်သင်ယူနိုင်ရန် ပြည်နယ် အစိုးရက စီစဉ်ဆောင်ရွက်ပေး နေကြောင်း တွေ့ရှိရပါသည်။ ပညာသင်ယူနေသူ ကျောင်းသူကျောင်းသား ဦးရေမှာ (၃၁၅၁) ဦးဖြစ်ပါသည်။

၃။ ကချင်ပြည်နယ်အစိုးရအဖွဲ့၏ စနစ်တကျ ညှိနှိုင်းဆောင်ရွက်ပေးမှုဖြင့် အစိုးရဌာနများ၊ ပြည်တွင်း လူမှုအဖွဲ့အစည်းများအပါအဝင်၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ လူမှုရေး အထောက်အပံ့ ပစ္စည်းများကို ခွဲဝေပေးနိုင်သဖြင့် စခန်းရှိပြည်သူများ၏ နိစ္စဓူဝ အခြေခံလိုအပ်ချက်များဖြည့်ဆည်းနိုင်သည်ကို တွေ့ရသော်လည်း ဆောင်းရာသီရောက်လာသဖြင့် အအေးဒဏ်ကာကွယ်နိုင်ရန် စောင်နှင့်အနွေးထည်များ လိုအပ်မှုရှိနေသေးသည်ကို တွေ့ရပါသည်။ ယာယီတဲတန်းလျားများတွင် အိမ်ထောင်စုများအတူ ရောပြွန်းနေထိုင်ရသဖြင့် အထူးသဖြင့် ကလေးငယ်ရှိသောမိသားစုများ အခက်အခဲကြုံတွေ့လျက်ရှိနေကြပါသည်။ တစ်ဦးချင်း မေးမြန်းချက်အရ သိရှိရသည်မှာ အားလုံးလိုလို မိမိတို့အရပ်ဒေသသို့ ပြန်လိုကြသည်ကို တွေ့ရှိရပါသည်။ အထူးသဖြင့်

ကလေးများ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုရရှိကြပြီး သက်ကြီးပိုင်းတွင်လည်း မိမိကိုယ်ကို မိမိယုံကြည်မှု လျော့နည်းလာပြီး လုံခြုံမှုမရှိသည့် ခံစားချက်များ ရှိနေကြကြောင်းကို သိရှိရပါသည်။

၄။ ထို့အပြင် လိုင်ဇာဘက်ခြမ်းတွင်ရောက်ရှိနေသော ရပ်ရွာစွန့်ခွာတိမ်းရှောင်နေသူများအတွက် ကချင်ပြည်နယ်အစိုးရ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် လူမှုရေး အသင်းအဖွဲ့များမှ လှူဒါန်းသော လူမှုအထောက်အကူပစ္စည်းများ ဗန်းမော်မြို့မှ လိုင်ဇာဘက်သို့ ပို့နိုင်ရေး အတွက် ကော်မရှင်မှ သက်ဆိုင်ရာများနှင့်ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်အနေဖြင့် လူမှုရေးအကူအညီများ ပေးအပ်ရေးကိစ္စတွင် အလားတူ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

၅။ ကော်မရှင်မှ အောက်ပါအတိုင်း သုံးသပ်အကြံပြုအပ်ပါသည်-

(က) ကချင်ပြည်နယ်အစိုးရအနေဖြင့် ရပ်ရွာစွန့်ခွာတိမ်းရှောင်လာသော ပြည်သူများအနက် လက်လှမ်းမီသော ဒေသများရှိပြည်သူ (၁၄၀၀၀)ကျော်၏ အခြေခံလိုအပ်ချက်များ ရရှိ အောင်ကောင်းစွာ ကူညီစောင့်ရှောက်ထားခြင်းအား ကော်မရှင်ကအသိအမှတ်ပြုပါ သည်။

(ခ) ပြည်နယ်အစိုးရသည် အစိုးရဌာနများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့ အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းပရဟိတအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့ မှုများကို စနစ်တကျ စီမံခန့်ခွဲ၍ ထိရောက်မှုရှိရေး၊ လေလွင့်ဆုံးရှုံးမှုမရှိရေးတို့အား အလေးအနက် တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက်လည်း ကော်မရှင် အနေ ဖြင့် နှစ်ထောင်းအားရ ဖြစ်မိပါသည်။

(ဂ) တိမ်းရှောင်ရောက်ရှိလာသော မိသားစုဝင်များ၏ အခြေခံပညာ သင်ယူနေသည့် ကလေးငယ်များအားလုံး ၎င်းတို့သင်ယူနေဆဲ အခြေခံပညာအတန်းများတွင် ပညာ ဆက်လက်သင်ယူရန် ဆောင်ရွက်ပေးမှုကိုလည်း လေ့လာသိရှိခွင့်ရရှိခဲ့ပြီး ကြည်နူး ဝမ်းမြောက်စွာ ခံစား မိပါသည်။

(ဃ) ယင်းသို့ ရောက်ရှိလာသော မိသားစုများ၏ အခြေခံကျန်းမာရေးကို စောင့်ရှောက် ပေးရုံ သာမက ဆေးရုံတက်ရောက်ကုသနေရသော မကျန်းမာသူများ၊ မြေမြှုပ်မိုင်း ထိမှန်သူ အပါအဝင် ဒဏ်ရာရသူများ၊ စုစုပေါင်း (၁၇၇) ယောက်အား အသေ အပျောက်မရှိ အခမဲ့စောင့်ရှောက်ကုသပေးနိုင်ခဲ့ခြင်းကို အသိအမှတ်ပြု

မှတ်တမ်းတင် အပ်ပါသည်။ အပြစ်မဲ့ ပြည်သူများကို ထိခိုက်အနာတရဖြစ်စေသော မြေမြှုပ်မိုင်း အသုံးပြုမှုကို ရှောင်ရှားကြရန် လည်း တိုက်တွန်းအပ်ပါသည်။

(င) ၎င်းဒေသအတွင်း တိုက်ပွဲများစတင်ဖြစ်ပွားသော ဇွန်လ(၉)ရက်နေ့မှ ဒီဇင်ဘာလ (၉)ရက်နေ့ အထိ ရပ်ရွာစွန့်ခွာတိမ်းရှောင်လာသူ မိသားစုများအတွက် ဒေသဆိုင်ရာ ဘာသာရေးနှင့် လူမှုရေး အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များမှ လှူဒါန်းသည့်ပစ္စည်းများ အပြင်အစိုးရဌာနများ၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့အစည်း များမှ လှူဒါန်းငွေပစ္စည်း တန်ဖိုး စုစုပေါင်း ကျပ် (၁၄၀၇.၈၇) သန်းကျော်ရှိပါသည်။ ကော်မရှင်မှ ၎င်းအဖွဲ့အစည်းများ၏ လှူဒါန်း ကူညီမှုအားအသိအမှတ်ပြုပါသည်။

လှူဒါန်းမှု မပြုရသေးသည့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းကြီးများမှလည်း ပါဝင် လှူဒါန်းသင့်ကြောင်း တိုက်တွန်းပါသည်။

(စ) အထက်ဖော်ပြပါ ရပ်ရွာစွန့်ခွာတိမ်းရှောင်လာသော ပြည်သူ(၁၄၀၀၀)ကျော်နှင့် လိုင်ဇာ နှင့် တရုတ်-မြန်မာ နယ်စပ်အနီးရှိ မိုင်ဂျန်ယန်ရွာတို့တွင်လည်း ရပ်ရွာစွန့်ခွာ တိမ်းရှောင်သူများ မိမိတို့ရပ်ရွာ၊ အိုးအိမ်၊ လယ်ယာမြေ စိုက်ခင်းများ၊ ကျွဲ၊ နွား တိရိစ္ဆာန်များ၊ အခြားပိုင်ဆိုင်မှုများကို စွန့်ခွာခဲ့ကြရသည်ဖြစ်၍ ၎င်းတို့တွင် လူမှုရေး၊ စီးပွားရေး၊ စိတ်ဓာတ်ရေးရာများစွာ ထိခိုက်ခံစားနေကြရမည်ဟုယုံကြည်ပါသည်။ သို့ပါ၍ လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် ဒေသတွင်းလုံခြုံမှု ပြန်လည်ရရှိရေး ကြိုးပမ်းပေး ကြပါရန် ကော်မရှင် အနေဖြင့် မေတ္တာရပ်ခံ တိုက်တွန်းပါသည်။

(ဆ) ကော်မရှင်အဖွဲ့ဝင်များသည် (၉-၁၂-၂၀၁၁)ရက်နေ့ နံနက်ပိုင်းတွင် မြစ်ကြီးနား အကျဉ်းထောင် သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြပါသည်။ အကျဉ်းထောင်အတွင်း ရှိ အဆောင်တိုင်းသို့ သွားရောက်၍ အကျဉ်းသားများနှင့် တွေ့ဆုံခဲ့ကြပါသည်။ အကျဉ်း သားများ၏ကျန်းမာရေး၊ စားသောက်ရေးနှင့် အကျဉ်းထောင် သန့်ရှင်းရေး အခြေအနေများ ကောင်းမွန်သည်ဟု ယူဆပါသည်။ နေ့စဉ် ရုပ်မြင်သံကြား ကြည့်ရှု ခွင့်ရရှိပြီး စာကြည့်တိုက်မှ စာပေဖတ်ရှုခွင့်ရရှိနေကြောင်း တွေ့ရှိရပါသည်။ တစ်ဖက် တွင်လည်း အကျဉ်းထောင်တွင် သတ်မှတ်ထားသော အကျဉ်းသားအရေအတွက် ထက် အကျဉ်းသားဦးရေ များပြားလျက်ရှိသည်ကို တွေ့ရှိရပါသည်။ သို့ပါ၍ ယခု ကိစ္စကို အတတ်နိုင်ဆုံး ဆောလျင်စွာ ဖြေရှင်းသင့်ပါကြောင်းနှင့် ဆက်လက်

ဆောင်ရွက်နေသော ဘာသာရေးအစီအစဉ်အပြင် ဘာသာတိုင်းအတွက် ဘာသာရေး တရား ဟောပွဲများ ပြုလုပ် ပေးသင့်ကြောင်း ကော်မရှင်မှ အကြံပြုအပ်ပါသည်။

(ဇ) ပြည်ထောင်အစိုးရ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုအရ ငြိမ်းချမ်းရေးရရှိရေး အတွက် နှစ်ဦးနှစ်ဘက် ကြိုးပမ်းခဲ့မှုများ၊ ကြိုးပမ်းနေဆဲ လုပ်ငန်းများကိုလည်း သိရှိခွင့်ရရှိခဲ့ပါသည်။ လက်နက်ကိုင် တိုက်ခိုက်မှုများ ရပ်တန့်၍ ပဋိပက္ခများ ချုပ်ငြိမ်း ပြီး ပြည်တွင်း ငြိမ်းချမ်းရေးကို တည်ဆောက်ရန်အတွက် ကော်မရှင်က အလေး အနက်ထား အကြံပြု တိုက်တွန်းအပ်ပါသည်။ လတ်တလောကြားသိရသော သတင်း များအရ နိုင်ငံတော်သမ္မတမှ တပ်မတော်အား ကချင်ပြည်နယ်တွင်ရှိသော မိမိတပ် များအနေဖြင့် ခုခံကာကွယ်ရုံမှအပ ပစ်ခတ်တိုက်ခိုက်ခြင်း၊ KIA တပ်စခန်းများအား ချီတက်ထိုးစစ်ဆင် တိုက်ခိုက်ခြင်းများ မပြုလုပ်ရန် ညွှန်ကြားကြောင်း သိရှိရပါသဖြင့် ကော်မရှင်မှ လှိုက်လှဲစွာ ထောက်ခံ ကြိုဆိုအပ်ပါသည်။ တစ်ဖက်လက်နက်ကိုင် အဖွဲ့အစည်းများမှလည်း အလားတူ လိုက်နာဆောင်ရွက်ရန် အလေးအနက် တိုက်တွန်း နှိုးဆော်အပ်ပါ သည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

၂၀၁၁ခုနှစ်၊ဒီဇင်ဘာလ (၁၃) ရက်